မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ (၂၁) ရက်

# ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ( ၃၂ ) ခုမြောက် ဘဏ်ခွဲဖြစ်သော မကွေးဘဏ်ခွဲအား (၁၉-၀၉-၂၀၁၈) ရက်နေ့၊ နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ပြီး၊ ဖွင့်လှစ်သည့် နေ့မှစ၍ ဘဏ်လုပ်ငန်းများကို စတင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေး ကြေညာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အမှတ် ( ၅၆ )၊ ပြည်တော်သာလမ်း၊ ရန်ပယ်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

၂။ ယင်း မကွေးဘဏ်ခွဲသည် ( ၂၀၁၈-၂၀၁၉ ) ဘဏ္ဍာရေးနှစ်အတွင်း အဌမမြောက် ဖွင့်လှစ်သော ဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် မကွေးမြို့တွင် ပထမမြောက် ဖွင့်လှစ်သော ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးလုံခြုံ စိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး မကွေးတိုင်း ဒေသကြီးနှင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်